ရှုခင်းနှစ်လွှာ ပေါင်းစပ်ခြင်း



Combination ဆိုတဲ့ ပေါင်းစပ်ခြင်းဟာ နှစ်လွှာနှစ်ထပ် ပြုလုပ်ခြင်းတွေမှာ အရမ်းအသုံးဝင်ပါတယ်။ သာမန်အမြင်သာရှိတဲ့ ပန်းချီကားချပ်တစ်ခု ရှုခင်းတစ်ခုလို အသက်ဝင်လာအောင် စာရွက်ကိုဆွဲလှန်သလို လှန်လိုက်မယ်ဆိုရင် ရှုခင်းပုံက မျက်စိ ပသာဒရှိသွားမှာပါ။

MOUSE ပေါ်က PLAST

အရည်ပျော်ကျတဲ့ EFFECT တစ်ခုဖန်တီးခြင်း



ကော်ကို မီးရှို့လိုက်တဲ့အခါ ပူပြီးအရည်ပျော်ကျလာပါတယ်။ ခန်းထဲမှာ **Mouse** လေးက ပူလာပြီးအရည်ပျော်ကျလာတဲ့ **Effe** ဖန်တီးပြသထားခြင်းပဲ ဖြစ်ပါတယ်။

IC

ဒီလေ့ကျင့်
ct တစ်ခုကို

POP ART ပုံတစ်ပုံ ဖန်တီးခြင်း



Pop Art ဖန်တီးခြင်းတွေကတော့ လူတွေရဲ့အမြင်ကို ပိုပြီးစိတ်ဝင်စားလာအောင် တစ်မျိုးပြောင်းလဲလိုက်ခြင်းပါ။ နိုင်ငံခြားစာအုပ်မျက်နှာဖုံးတွေနဲ့ ပိုစတာတွေမှာ အတော်ကိုပြုလုပ်ဖန်တီးကြပါတယ်။

ပုလင်းထဲတွင် လ
ရေးဆွဲ



လျှပ်စီးကြောင်းတွေ ပုံသဏ္ဍာ
မှာပဲမြင်ဖူးကြမှာပါ။ ဒီဖန်တီးမှုလေ
စီးကြောင်းလေးကို ပုလင်းထဲမှာ
Cloud, Level တို့ကို သုံးပြီး
တင်မဟုတ်ပါဘူး။ ဒီဒီဖန်တီးချင်တဲ့
လက်လို့ရပါပြီ။ ဖန်တီးကြည့်လိုက်ပါ

ှပ်စီးကြောင်းများကို ဖန်တီးခြင်း



န်အမျိုးမျိုးရှိကြတဲ့အထဲမှာ ကောင်းကင် းကတော့ ကောင်းကင်မှာလက်တဲ့ လျှပ် လျှပ်စီးကြောင်းလက်အောင် Different ပြောင်းလဲ ရေးဆွဲထားတာပါ။ ပုလင်းထဲမှာ အရာဝတ္ထုတိုင်းပေါ်မှာ လျှပ်စီးကြောင်း ဦး။

MATCH COLOR အသုံးပြုနည်း



ကာလာတွဲဖက်ခြင်း၊ အခြားပုံက အရောင်ပါဝင်မှုကို မိမိ ပြုလုပ်ချင်တဲ့ ပုံမှာ ထည့်သွင်းခြင်းပြုလုပ်တဲ့အခါ Match Color က တော်တော်လေးကို အသုံးဝင်ပါတယ်။ ဒီပုံလေးမှာ အနီနဲ့အစိမ်းကိုဖြည့်ပြီး ပုံရဲ့အရောင်ကို ပြောင်းလဲသွားစေတာကို မြင်တွေ့ရမှာပါ။ ပုံတစ်ပုံကို Color Effect တွေနဲ့ ညှိနိုင်စွမ်းရှိအောင် ပြုလုပ်ခြင်းပါ။ ဒီလေ့ကျင့်ခန်းလေးက Match color ကို ဘယ်လို အသုံးပြုသလဲဆိုတာကိုပါ နားလည်သွားမှာပါ။

ကန်ရေပြင်အရိပ် EFFECT ကိုဖန်တီးခြင်း



ဒါဟာ စိတ်ကူးယဉ်ဆန်ဆန် တီထွင်ဖန်တီးထားတဲ့ ကန်ရေပြင်လေး တစ်ခုကိုဖန်တီးထားခြင်း ဖြစ်ပါတယ်။ နက်ရှိုင်းကြည်လင်မှုကို ဖန်တီးတဲ့အခါ ရေပြင်မှာပေါ်နေတဲ့အရိပ်တွေကို တိုလာအောင်ဖန်တီးရပါတယ်။ ဒါမှလည်း အရိပ်စစ်နဲ့ ထင်ရတဲ့အနက်တို့ ကွာခြားချက်ကိုပိုသိလာမှာပါ။

ကျွန်တော်တို့ ဒီကျောက်တိုင်ပုံရဲ့ရှေ့မှာ ရေပြင်လေးတစ်ခုဖန်တီးလိုက်ရုံနဲ့ ပိုပြီးတော့ စိတ်ဝင်စားစရာကောင်းတဲ့ပုံတစ် ပုံဖြစ်သွားတာကို မြင်တွေ့ကြရမှာပါ။

စိတ်လှုပ်ရှားစရာကောင်းတဲ့ ABSTRACT WALLPAPER တစ်ခု ဖန်တီးခြင်း



Abstract Wallpaper တွေကို Background ပုံတွေအဖြစ် အသုံးပြုရာမှာ ပိုအဆင်ပြေပါတယ်။ Background ရဲ့ ကြည်လင်တောက်ပမှုက ရှေ့မှာရှိတဲ့ပုံကို ပိုမိုအလင်းတောက်တာစေတာကြောင့် ဒီလေ့ကျင့်ခန်းမှာ စာမျက်နှာအသစ်ခေါ်တာကနေပြီး Abstract Wallpaper တစ်ခုဖြစ်သွားတဲ့အထိ ဖန်တီးပြထားပါတယ်။

ပုံရဲ့ Resolution ကို မြှင့်ပြီးလည်း ဖန်တီးနိုင်ပါတယ်။ စာဖတ်သူတွေ အနေနဲ့ အမြန်ဖန်တီးလို့ရအောင် လေ့ကျင့်ခန်းအဖြစ် ပုံရဲ့ Resolution 72 နဲ့ လျှော့ပြီး ဖော်ပြထားပါတယ်။

အရောင်အသွေးတွေနဲ့ ပိုစတာတစ်ခုကို ဆန်းသစ်ဖန်တီးခြင်း



Designer တွေအတွက် အတော်ကို အသုံးဝင်မယ့် လေ့ကျင့်ခန်းလေးပါ။ Model တစ်ယောက်ရဲ့ပုံကို color တွေနဲ့ပြည့်ပြီး Billboard အချိုရည် ကြော်ငြာတွေ ဂျာနယ်မျက်နှာဖုံးတွေမှာ လှုပ်ရှားမှုအားပါတဲ့ပုံတွေကို ဖန်တီးရာမှာပိုပြီးအသုံးဝင်ပါတယ်။ ဒီလေ့ကျင့်ခန်းကိုပြုလုပ်တဲ့အခါမှာ မိမိနှစ်သက်ရာ Model ပုံတွေကိုလည်း သုံးနိုင်ပါတယ်။

စာသားပေါ်နွယ်တက်နေတဲ့ Brush နဲ့ Text Style တစ်ခုဖန်တီးခြင်း



စာလုံး၊ လုံးတွေပေါ်မှာ Brush နဲ့ပွတ်ဆွဲပြီး Text Style ပြုလုပ်နည်းကို ဖော်ပြထားတာပါ။ DVD Cover, ပိုစတာတွေမှာ အသုံးများပါတယ်။

ဒီလေ့ကျင့်ခန်းကိုလေ့ကျင့်ပြီးရင် Photoshop Brush ဖန်တီးခြင်း အကြောင်းကိုပါ တွဲဖက်နားလည်သွားပြီး မိမိဖန်တီးချင်တဲ့ Brush တွေကို ကိုယ်တိုင်ဖန်တီးရေးဆွဲနိုင်မှာပါ။

ကြော့ရှင်းသပ်ရပ်သော Text Effect တစ်ခု ဖန်တီးခြင်း



Tool Box ထဲက Text Tool ကိုယူ၊ စာရိုက်၊ အရောင်ထည့် ဆိုတဲ့ ဖန်တီးမှုတွေကိုဖော်ပြရတာ အတော်လေးကို ရိုးအိနေပါပြီ။ Photoshop ကို အသုံးပြုတတ်သူတိုင်း ပြုလုပ်လေ့ရှိတာပါ။ Text တွေကို ဒီဇိုင်းဆွဲဆောင်မှု ရှိအောင် ကြော့ရှင်းသပ်ရပ်တဲ့ Text Effect တစ်ခုကို ဖန်တီးပြထားပါတယ်။ အရောင်လက်နေတာကို ပိုပြီး ထင်ရှားလာအောင် Star လေးတွေကိုလည်း ပုံပေါ်မှာ ထည့်သွင်းဖန်တီးပြထားပါတယ်။

Black and White Pho
ပုံကို
Color Photo(RGB)
ဖြစ်သွားအောင်ပြုလုပ်နည်း

Black and White Photo တစ်ပုံကို Color Photo
ဖြစ်သွားအောင် Photoshop နဲ့လုပ်တဲ့နည်းလည်း တွေအများကြီးရှိ
ဒီလေ့ကျင့်ခန်းလေးက သမရိုးကျ နည်းလမ်းမဟုတ်ဘဲ Black and
Photo ပုံဟောင်းကြီးတွေ ကို ဘယ်လို Selection ပေးသလဲ၊
ဘယ်လိုဖြည့်သလဲဆိုတာကို လွယ်ကူရှင်းလင်းစွာပြသွားမှာဖြစ်ပါတယ်
ဆိုင်တွေအတွက်လည်း အတော်လေးအသုံးဝင်မယ့်နည်းပါ။

to

(RGB)
ပါတယ်။
White
Color
။ ဓာတ်ပုံ

အရောင်နဲ့ ပုံကို အဖြူအမည်းပုံ အနည်းငယ် ဖြည့်စွက်၍ ဒီဇိုင်းတစ်ခုအဖြစ် ဖန်တီးခြင်း


Don't forget about me...

အရောင်နဲ့ပုံတွေက အဖြူအမည်းပုံတွေထက် အရောင်ဆွဲဆောင်မှုပိုရှိပါတယ်။ အရောင်ရှိတဲ့ပုံကို အဖြူအမည်းအနည်းငယ် ဖြည့်စွက်လိုက်မယ်ဆိုရင်တော့ ဒီဇိုင်းက ပိုကြည့်ကောင်းလာမှာပါ။ ခြေရာလေးတွေကို Overlay ပြောင်းပြီး Opacity လျှော့ချလိုက်တဲ့အခါ ပုံထဲကို စိမ့်ဝင် နစ်မြုပ်သွားတာကို မြင်ကြရမှာပါ။ ဓာတ်ပုံဆိုင်တွေအတွက် အတော်ကိုအဆင်ပြေမယ့် ဒီဇိုင်းဖန်တီးမှု လေ့ကျင့်ခန်းပါ။

ဖန်ကဲ့သို့ ဖောက်ထွင်းမြင်နိုင်သော Music Shape



ဂီတသင်္ကေတလေးတွေဟာ လူတွေဟာ ဆွဲဆောင်မှုရှိပါတယ်။ အဲဒီ သင်္ကေတလေးတွေကို တစ်ခုနဲ့ တစ်ခု ဖောက်ထွင်းပြီး Microphone ပုံလေးနဲ့ အင်အားဖြည့်ပေးတွဲသွားမှာပါ။ ဒီလေ့ကျင့်ခန်းလေးကတော့ တမူထူးခြားတဲ့ ဖန်ကဲ့သို့ ဖောက်ထွင်းမြင်နိုင်သော Music Shape Effect တွေကို ပြုလုပ်မှာ ဖြစ်ပါတယ်။